၈။ စီဒီယိုကာရာအိုကေ(CDOK)လုပ်ငန်းလိုင်စင်လျှောက်ထားလိုပါက အောက်ဖော်ပြပါပုံစံအတိုင်းလျှောက်ထားနိုင်ပါသည်-

**စီဒီအိုကေလုပ်ငန်းလိုင်စင်လျှောက်လွှာ**

သို့

ဥက္ကဌ
တိုင်းဒေသကြီးစီဒီအိုကေဆိုင်များကြီးကြပ်ရေးအဖွဲ့
မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့။

အကြောင်းအရာ။ **ကေတီဗီ(CDOK)လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း**

**လေးစားစွာလျှောက်ထားအပ်ပါသည်-**

၁။ ကျွန်တော်/ကျွန်မ-----------------သည်-------------------------အမည်ဖြင့်ကေတီဗီ **(CDOK)** လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းလိုင်စင်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

၂။ လိုအပ်သောအချက်အလက်များကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် ---------------------------------------------
(ခ) အမျိုးသားမှတ်ပုံတင်အမှတ်/ ---------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------
(ဂ) မွေးသက္ကရာဇ် ---------------------------------------------
(ဃ) နေရပ်လိပ်စာ ---------------------------------------------
(င) လုပ်ငန်းတည်ရာလိပ်စာ -----------------------------------မြို့/မြို့နယ်
----------------------ပြည်နယ်/တိုင်းဒေသကြီး
(စ) လုပ်ငန်းသုံးပစ္စည်းများမှမိမိတစ်ဦး ---------------------------------------------
တည်းပိုင်ဟုတ်/မဟုတ်က ---------------------------------------------
ခွဲဝေပိုင်ဆိုင်သူအမည်များ။ ---------------------------------------------

ထိုးမြဲလက်မှတ် ---------------------------------------
လျှောက်ထားသူအမည်---------------------------------------

## ဗီဒီယိုကာရာအိုကေ (ဗီဒီအိုကေ) လုပ်ငန်းရှင်များလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ် ချက်များ

(၁) ကာရာအိုကေ(ဗီဒီအိုကေ)ပြသခြင်းအတွက်အသုံးပြုရမည့်လုပ်ငန်းသုံးပစ္စည်းများသည်အကောက်ခွန်ပေးဆောင်ပြီးကြောင်းအသိအမှတ်ပြုထားသည့်ကုမ္ပဏီနှင့်စတိုးဆိုင်ကြီးများမှဝယ်ယူခဲ့သည့်ပစ္စည်းများဖြစ်ရမည်။

(၂) လုပ်ငန်းသုံးပစ္စည်းများသည် ခိုင်လုံသောပြေစာ၊အရောင်းအဝယ်စာချုပ်၊မြို့နယ်တရားရုံးကျမ်းကျိန်လွှာများဖြင့်ပူးတွဲတင်ပြရန်။

(၃) လုပ်ငန်းသုံးပစ္စည်းများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ(၄)အရ သက်ဆိုင်ရာဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဌာနတွင်လိုင်စင်ခွန်ပေးဆောင်ပြီးဖြစ်ရမည်။

(၄) သက်ဆိုင်ရာယစ်မျိုးလိုင်စင်ခွင့်ပြုချက်မရှိဘဲ တေးသီချင်းသီဆို ဆိုင်ခန်းအတွင်းမူးယစ်စေတတ်သော အဖျော်ယမကာများရောင်းချခြင်း၊သောက်သုံးခြင်းမပြုလုပ်ရန်

(၅) ဆိုင်အဆောက်အအုံပရိဝုဏ်အတွင်း၌လည်းကောင်း၊ကာရာအိုကေသီဆိုခန်းတွင်လည်းကောင်း၊မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများရောင်းချခြင်း၊လက်ဝယ်ထားရှိခြင်း၊သုံးစွဲခြင်းမပြုလုပ်ရန်။

(၆) ကာရာအိုကေတွင် စားပွဲထိုး၊အကူသီဆိုဖျော်ဖြေရန် အမျိုးသမီးများထားရှိခြင်းမပြုရ။

(၇) ကာရာအိုကေသီချင်းဆိုခြင်းကိုအကြောင်းပြု၍ အမျိုးသမီးငယ်များ၏ စိတ်ဓါတ်နှင့်အကျင့်စရိတ္တကိုပျက်ပြားစေမည့် လုပ်ငန်းဖန်တီးဆောင်ရွက်ခြင်းမပြုလုပ်ရ။

(၈) (၂၄.၀၀)နာရီအထိသာ လုပ်ကိုင်ဆောင်ရွက်ရမည်။သတ်မှတ်ချိန်ထက်ကျော်လွန်ဖွင့်လှစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်။

(၉) ဗီဒီအိုကေဆိုင်အတွင်း ပြဿနာတစ်စုံတရာ မပေါ်ပေါက်စေရန်တာဝန်ယူထိန်းသိမ်းရမည်။ပြဿနာတစ်စုံတရာဖြစ်ပေါ်လာပါက သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ရဲစခန်း၊မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ အမြန်ဆုံးဆက်သွယ်ကူညီဖြေရှင်ဆောင်ရွက်ရန်။

(၁၀) ဗီဒီအိုကေအခန်းများအား အသံလုံခြုံစေရေးတည်ဆောက်ထားရန်။

(၁၁) ရုပ်မြင်သံကြားအစီအဉ်အသီးသီးမှ ထုတ်လွှင့်နေသောတေးသီချင်းများကို တိုက်ရိုက်ကူးယူ၍ တိတ်ခွေ/ဗီဒီအဖြင့်ထုတ်လုပ်အသုံးပြုမပြုလုပ်ရန်။

(၁၂) မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ထောက်ခံချက်ဖြင့် ဗီဒီယိုဆင်ဆာလက်မှတ်ပါရှိသည့်ဗီစီဒီချပ်များကိုသာအသုံးပြုရမည်။သီဆိုရာတွင်မူလစာသားကိုသီဆိုချင်းမပြဘဲဥပဒေနှင့်မလွတ်ကင်းသောစာသားများပြောင်းလဲခြင်း၊သီဆိုခြင်းမပြုလုပ်ရန်။

(၁၃) ဗီဒီအိုကေဆိုင်ခန်းအတွင်းလုံလောက်သောမီးအလင်းရောင်ထားရှိရမည်။

(၁၄) စီဒီအိုကေဆိုင်ခန်းအတွင်းမှန်ကြည်များတပ်ဆင်ပြီးအပြင်မှအတွင်းသို့မြင်ရသော မှန်များတပ်ဆင်ရန်။

(၁၅) စီဒီအိုကေလုပ်ငန်းသုံးပစ္စည်းများဖြင့်နိုင်ငံရေးဆောင်ရွက်မှုအသုံးချမှုများမပြုလုပ်ရန်

(၁၆) စီဒီအိုကေလုပ်ငန်းအားသီးသန့်ဆောင်ရွက်ရန်သာဖြစ်ပြီး၊ဗီဒီယိုပြသရေးရုံအဖြစ် တွဲဖက်လုပ်ကိုင်ခွင့်မပြုလုပ်ရန်

(၁၇) စီဒီအိုကေလုပ်ငန်းလိုင်စင်ရရှိပါကပြန်ကြားရေးဝန်ကြီးဌာနဗီဒီယိုလုပ်ငန်းစိစစ် ကြီးကြပ်ရေးကော်မတီနှင့်တိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ မှထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်

(၁၈) လုပ်ငန်းသုံးစက်များကိုတိုင်း ဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ စိစစ်ခွင့်ပြုချက်ဖြင့်သာတိုးချဲ့/ပြောင်းလဲသုံးစွဲနိုင်ကြောင်းနှင့်တိုးချဲ့သည့်စက်အရေ အတွက်အပေါ်ထပ်မံ၍လုပ်ငန်းလိုင်စင်ခွန်ပေးသွင်းရမည်ဖြစ်ကြောင်းနှင့်မူလတင် ပြထားသည့် စက်အရေအတွက်ထက်လျော့နည်းသွားပါကလိုင်စင်ခွန်ပြန်လည်ထုတ် ပေးမည်မဟုတ်ကြောင်းသိရှိရန်

(၁၉) လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့်အချိန်ကာလသည့်လုပ်ငန်းလိုင်စင်ပါသက်မှတ်ရက် သက်တမ်းအထိသာလုပ်ကိုင်ခွင့်ရရှိပြီးသတ်မှတ်ရက်သက်တမ်းကုန်ဆုံးပါကသက် တမ်းတိုးလိုင်စင်ရရှိပြီးမှလုပ်ငန်းဆောင်ရွက်ရန်

(၂၀) စီဒီအိုကေသက်တမ်းလွန်လိုင်စင်ဖြင့်လုပ်ငန်းလုပ်ကိုင်ပါကသက်တမ်းလွန်လိုင်စင် မှာပျက်ပြယ်သွားပြီးလိုင်စင်မဲ့လုပ်ကိုင်ခြင်းဖြစ်ပေါ်စေခြင်းအတွက်နည်းဥပဒေ အခန်း(၉)၊နည်းဥပဒေ(၃၂)(က)(ခ)အရဗီဒီယိုလုပ်ငန်းလိုင်စင်မဲ့လုပ်ကိုင်ခြင်း၊ဗီဒီ ယိုဆင်ဆာလက်မှတ်အသေးမပါရှိသောဗီဒီယိုတိတ်ခွေနှင့်ဗီဒီယိုချပ်များသုံးစွဲခြင်း ကို စစ်ဆေးတွေ့ရှိပါကအနည်းဆုံး(၆)လမှအများဆုံး(၃)နှစ်အထိထောင်ဒဏ်ချမှတ်ရ မည့်အပြင် ကျပ်(၁၀)သိန်းထက်မပိုသောဒဏ်ငွေအားချမှတ်ခြင်းခံရမည်အပြင်ပစ်မှု နှင့်တိုက်ရိုက်ပတ်သက်သောပစ္စည်းများကိုလည်းပြည်သူဘဏ္ဍာအဖြစ်သိမ်းဆည်ခြင်း ခံရမည်

(၂၁) နယ်မြေအခြေအနေ၊အနေအထားအရတိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်အုပ်ချုပ်ရေးမှူး တို့၏သဘောထားမှတ်ချက်နှင့်ခွင့်ပြုချက်၊ထုတ်ပြန်ထားသောအမိန့်၊ညွှန်ကြားချက် များကိုလည်းလိုက်နာဆောင်ရွက်ရန်

(၂၂) စီဒီအိုကေလုပ်ငန်းလိုင်စင်အားသက်တမ်းမကုန်မီ (၂)လကြိုတင်သက်တမ်းတိုး ဆောင်ရွက်ရန်

(၂၃) စီဒီအိုကေလုပ်ငန်းလိုင်စင်အားအကြောင်းအမျိုးမျိုးကြောင့်သက်တမ်းတိုးရန်ပျက် ကွက်ခဲ့လျှင်လိုင်စင်သက်တမ်း(၆)လကျော်လွန်ပါကသက်တမ်းတိုးခွင့်မပြုကြောင်း ကိုသိရှိလိုက်နာရန်။

(၂၄) စီဒီအိုကေလုပ်ငန်းလိုင်စင်နှင့်စင်တင်၊တေးဂီတခွင့်ပြုမိန့်တို့အားသီးခြားလုပ်ငန်းများအဖြစ်ဆောင်ရွက်ရန်။

(၂၅) ဂန်ထမ်းအချင်းချင်းသော်လည်းကောင်း၊ဂန်ထမ်းနှင့်ဧည့်သည်လည်းကောင်း ဧည့်သည်အချင်းချင်းသော်လည်းကောင်းခိုက်ရန်ဖြစ်ပွားမှုမဖြစ်စေရေး ကြိုတင်ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့်ဆိုင်အတွင်းခိုက်ရန်ဖြစ်ပွားပါကဆိုင်အား(၁)လမှ (၆)လအထိပိတ်သိမ်းခြင်းနှင့်လိုင်စင်ရုတ်သိမ်းခြင်းခံရမည်။

(၂၆) ဘား၊ကလပ်အသွင်ဖြစ်စီဒီအိုကေအခန်းများထည့်သွင်းဆောင်ရွက်ခြင်း၊အမျိုးသမီးနှင့်အမျိုးသားများတွဲ၍သီဆိုကခုန်ခြင်းမပြုရန်။

(၂၇) စီဒီအိုကေဆိုင်တွင်အရေးပေါ်ဂင်ပေါက်ထွက်ပေါက်၊အရေးပေါ်လှေခါးနှင့်မီးငြိမ်းသတ်ရေးစနစ်များလုံလောက်စွာထားရှိရမည်။

(၂၈) မိမိရရှိထားသောဗီဒီယိုလုပ်ငန်းလိုင်စင်ကိုအခြားသူတစ်ဦးဦးအားလွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုလုပ်ရန်။

(၂၉) အထက်ပါစည်းကမ်းချက်များကိုမပျက်မကွက်လိုက်နာမည်ဖြစ်ပါကြောင်းနှင့် လိုက်နာမှုမရှိကြောင်းစစ်ဆေးတွေ့ရှိရပါကသက်ဆိုင်ရာတည်ဆဲဥပဒေများနှင့် အညီအရေးယူခြင်းခံ၇မည့်အပြင်လိုင်စင်ရုတ်သိမ်းခြင်းခံရမည်။

## (CDOK) လုပ်ငန်းဆောင်ရွက်ရာတွင်လိုအပ်သည့်အဂါရပ်များ

၁။ (CDOK) လုပ်ငန်းအဆောက်အဦးနှင့်စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊ဘာသာရေးအဆောက်အဦတို့နှင့်ကိုက်(၃၀၀)ခန့်ကွာဝေးရမည်။

၂။ လုံလောက်သောမြေအကျယ်အဝန်းရှိရမည်။

၃။ လုံလောက်သောမော်တော်ယာဉ်ရပ်နားရန်နေရာရှိရမည်။

၄။ လယ်မြေ၊ယာမြေမဖြစ်စေရ။

၅။ ခိုင်ခန့်သောအဆောက်အဦးဖြစ်ရမည်။

၆။ အသံလုံသောအဆောက်အဦဖြစ်ရမည်။

၇။ ဝင်/ထွက်တံခါးတွင်သုံးပုံးတစ်ပုံးသည့်မှန်ကြည်တပ်ဆင်ရမည်။

၈။ လေအေးပေးစက်တပ်ဆင်ထားရမည်။

၉။ အရေးပေါ်ထွက်ပေါက်ရှိရမည်။

၁၀။ သန့်ရှင်းသောရေအိမ်များရှိရမည်။

၁၁။ မီးဖိုခန်းသီးခြားထားရှိရမည်။

၁၂။ လုံခြုံရေးဝန်ထမ်းသီးသန့်ရှိရမည်။

၁၃။ ဝင်/ထွက်ပေါက်၊ကားပါကင်၊ကောင်တာ၊နားနေခန်းတို့တွင်စီစီတီဗွီကင်မရာများတပ်ဆင်ထားရမည်။

၁၄။ မိုင်းရှာကိရိယာရှိရမည်။

၁၅။ ပါဆယ်ဖုံးကျင်းနေရာရှိရမည်။

၁၆။ မီးသတ်ဆေးဘူးများရှိရမည်။

၁၇။ မီးသတ်ရေကန်ရှိရမည်။

၁၈။ မီးချိတ်၊မီးကင်း၊ရေပုံး၊သဲကျင်းများရှိရမည်။

၁၉။ လျှပ်စစ်အသုံးပြုရာတွင်ပါဝါမီတာ(သို့မဟုတ်)ထရန်စဖော်မာရှိရမည်။

၂၀။ ကောင်းမွန်အဆင့်မီသောလျှပ်စစ်ပစ္စည်းများသုံးစွဲရမည်။

၂၁။ အခန်းအတွင်း/အပြင်တွင်မီးလုံးဖြူများတပ်ဆင်ထားရမည်။